စိတ်ကူးချိုချိုအနုပညာ


mgyoe.com

# မန္တလေးကဗျာ

မန္တလေးအခြေစိုက်ကဗျာဆရာအချို့၏ကဗျာများစုစည်းမှု

မင်းဆွေနှစ်

စုစည်းစီစဉ်သည်။



mgyoe.com

ကဗျာအကြောင်းအရာကို ကျွန်တော်တို့ ပြောဆိုခဲ့ကြတာ များလှပြီ။ မပြည့်စုံသေးဘူး။ ဘယ်တော့မှလည်း ပြည့်စုံမယ် မဟုတ်ပေဘူး။ စာပေဆိုတာ ရှိနေသရွေ့ ကဗျာဟာ ရှိနေမှာပဲ။ ကဗျာဆိုတာ ရှိနေသရွေ့ ကဗျာအကြောင်းအရာဟာ ရှိနေမှာပဲ။ ကဗျာနဲ့ပတ်သက်ပြီး ဝိဝါဒကွဲပြားမှုတွေ၊ ငြင်းခုံပြောဆိုမှုတွေ၊ သဘောတရား အသစ်အသစ်တွေ ရှိနေရခြင်းကတော့ ကဗျာကိုယ်တိုင်က ရှင်သန်နေတဲ့ အကြောင်းအရာတစ်ခု ဖြစ်လို့ပဲ။ ရှင်သန်ခြင်း မရှိတော့တဲ့အကြောင်းအရာတစ်ခုအဖို့မှာ ပြောဆိုစရာ စကားလည်း မရှိတော့ဘူးပေါ့။

ကိုယ်တိုင်က ကဗျာဆရာဖြစ်နေသူများအဖို့ ကဗျာဟာ ကြီးကျယ်တဲ့အကြောင်းအရာပေပဲလို့ ပြောရမှာ လိပ်ပြာမလုံစရာပဲ။ ဒါပေမဲ့ ယေဘုယျသဘောတရားတွေအားလုံးကို အကျုံးဝင်အောင် ချုံ့နိုင်၊ ချဲ့နိုင်တာကတော့ ကဗျာမှတစ်ပါး အခြားမရှိပေဘူး။

ကဗျာအကြောင်းအရာ ငြင်းခုံမှုဟာ မပြီးဆုံးနိုင်တဲ့ တိုက်ပွဲဖြစ်တယ်။ ဘယ်တော့မှ ပြီးဆုံးမှာမဟုတ်တဲ့ အခန်းဆက်တိုက်ပွဲလည်း ဖြစ်တယ်။

POEM0085
3,000.00 KS

mgyoe.com

mgyoe.com

မန္တလေးကဗျာ၊ မင်းဆွေနှစ်စုစည်းစီစဉ်သည်။
မျက်နှာဖုံးပန်းချီ - T.T.S
စာမျက်နှာ ၁၉၀+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မန္တလေးကဗျာ

[မန္တလေးအခြေစိုက်ကဗျာဆရာအချို့၏ ကဗျာများစုစည်းမှု]

မင်းဆွေနှစ်
စုစည်းစီစဉ်သည်။

ပထမအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ❋ ကဗျာအကြောင်းမိတ်ဆက် | | က |
| ၁။ ဘဘ–သို့ | ကိုလေး(အင်းဆဂုဏ်ရည်) | ၁ |
| ၂။ အို အမေ | ကိုလေး(အင်းဆဂုဏ်ရည်) | ၂ |
| ၃။ ညသံပေါက် | ကိုလေး(အင်းဆဂုဏ်ရည်) | ၅ |
| ၄။ သံလွင်ခက်သရဖူ | ပိုင်စိုးဝေ | ၈ |
| ၅။ ဘောလုံးအသင်း | ပိုင်စိုးဝေ | ၁၀ |
| ၆။ ကိုယ့်ကြောင့် ကမ္ဘာကြီး မနာကျင်စေချင် | ပိုင်စိုးဝေ | ၁၂ |
| ၇။ ပန်းရိုင်းသစ်တွေရဲ့တေးသံ | မောင်နွေထက် | ၁၄ |
| ၈။ ပိတောက်နုရောင်လမ်းကလေး | မောင်နွေထက် | ၁၈ |
| ၉။ ငြိမ်းချမ်းရေး | မောင်နွေထက် | ၂၂ |
| ၁၀။ မင်းရဲ့ကမ္ဘာမှာ | နေမျိုး | ၂၃ |
| ၁၁။ သမီးကလေးဖတ်ဖို့ | နေမျိုး | ၂၄ |
| ၁၂။ သာဝကတစ်ဦး၏မှတ်စု | နေမျိုး | ၂၅ |
| ၁၃။ နှင်းဆီများ | မောင်သင်းယန် | ၂၆ |
| ၁၄။ ပျားရည် | မောင်သင်းယန် | ၂၇ |
| ၁၅။ မန္တလေးညနေခင်း | မောင်သင်းယန် | ၂၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ မတ်လ | သိုက်ထွန်းသက် | ၂၉ |
| ၁၇။ တောင်ပြုန်းတရားဟူသည် | သိုက်ထွန်းသက် | ၃၁ |
| ၁၈။ ဖေ့ခ်ဘွတ်ခ်ရွာမှာ | သိုက်ထွန်းသက် | ၃၄ |
| ၁၉။ တိတ်ဆိတ်သောနွေဦး | မောင်သင်းဆေ | ၃၇ |
| ၂၀။ ရေနဲ့တူတဲ့ လူ | မောင်သင်းဆေ | ၃၈ |
| ၂၁။ စာအုပ်၊ တိပ်ခွေနှင့် အညာဖုန်တောထဲက လှပတဲ့မုံရွေး | မောင်သင်းဝေ | ၄၀ |
| ၂၂။ ဒီနေ့ နေ့စွဲ | ခင်ဇော်မြင့် | ၄၃ |
| ၂၃။ ဒီကမ္ဘာနဲ့ ဇီဇဝါ | ခင်ဇော်မြင့် | ၄၅ |
| ၂၄။ ကျိုး | ခင်ဇော်မြင့် | ၄၆ |
| ၂၅။ ဆွတ်ပျံ့ရှုးနစ် | စံညိမ်းဦး | ၄၇ |
| ၂၆။ မယုံကြည်တဲ့ ကမ္ဘာ | စံညိမ်းဦး | ၅၀ |
| ၂၇။ ကားလ်မာ့က်စ် ကို ဖတ်ခြင်း | စံညိမ်းဦး | ၅၁ |
| ၂၈။ ပန်းကန်ပြားပျံ | မောင်နိုဦး | ၅၄ |
| ၂၉။ အဝိမာန | မောင်နိုဦး | ၅၆ |
| ၃၀။ ဖောက်ပြန်သသော သိ သဘော | မောင်နိုဦး | ၅၇ |
| ၃၁။ အလေးနီ | မောင်မှိုင်းလွင်အင်းဝ | ၅၉ |
| ၃၂။ အနံ့ | မောင်မှိုင်းလွင်အင်းဝ | ၆၀ |
| ၃၃။ ဒို့လမ်းကို ဒို့ပြန်ပေး | မောင်မှိုင်းလွင်အင်းဝ | ၆၂ |
| ၃၄။ လက်ဖက်ရည်ဆိုင် | နိုင်းနိုင် | ၆၄ |
| ၃၅။ အချစ် | နိုင်းနိုင် | ၆၅ |
| ၃၆။ အိပ်ရာဝင်ခြင်း | နိုင်းနိုင် | ၆၆ |
| ၃၇။ ချစ်သော မေ | ငြိမ်းသစ် | ၆၇ |
| ၃၈။ အိမ်သူ | ငြိမ်းသစ် | ၆၉ |
| ၃၉။ ဆေးသားပျက် ဖလင်ကွက်များ | ငြိမ်းသစ် | ၇၁ |
| ၄၀။ ရထားပြတင်း | မောင်ကြည်သာ(တောင်တွင်း) | ၇၃ |
| ၄၁။ ငါ ပျံ(ပြန်) သွားခြင်း | မောင်ကြည်သာ(တောင်တွင်း) | ၇၄ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၄၂။ ကံစမ်းမဲ | မောင်ကြည်သာ(တောင်တွင်း) | ၇၅ |
| ၄၃။ ချစ်သောကဗျာ | မောင်နိုင်လင်း(ကောလင်း) | ၇၆ |
| ၄၄။ သံဝေဂတေး | မောင်နိုင်လင်း(ကောလင်း) | ၇၇ |
| ၄၅။ တိမ်တွေမရှိတော့တဲ့အခါ | မောင်နိုင်လင်း(ကောလင်း) | ၇၈ |
| ၄၆။ ဆိုမာလီယာ (သို့မဟုတ်) ပင်လယ်ဝံပုလွေ | ဥက္ကာကျော် | ၈၀ |
| ၄၇။ မင်းကွန်း | ဥက္ကာကျော် | ၈၂ |
| ၄၈။ မြို့သိမ်းစစ်ဆင်ရေး | ဥက္ကာကျော် | ၈၃ |
| ၄၉။ ရောဝတီကို ထာဝစဉ်ထားရမယ့် အကြင်နာတရား ကမ္ဘာ့ထောင့်ငယ်တစ်နေရာမှာ လုံးဝပျောက်ဆုံးနေတယ် | ကလင့်(မန္တလေး) | ၈၆ |
| ၅၀။ ဟိုတယ် ကူးသမား | ကလင့်(မန္တလေး) | ၈၈ |
| ၅၁။ ရှုမြင်နှလုံးသားနဲ့ အကြေအရပ်ကို သွားကြမယ် | ကလင့်(မန္တလေး) | ၈၉ |
| ၅၂။ ထနောင်းလမ်း | ထွန်းလွင်သွယ်(ဆူးပြုရိပ်) | ၉၁ |
| ၅၃။ ဖန်တီးခြင်းအနုပညာ | ထွန်းလွင်သွယ်(ဆူးပြုရိပ်) | ၉၂ |
| ၅၄။ လွင့်နေတဲ့ စိတ်ထဲမှာ | ထွန်းလွင်သွယ်(ဆူးပြုရိပ်) | ၉၄ |
| ၅၅။ အဖုံးတွင်း ကံစမ်းမဲ | ထွဏ်းသွေးအိမ် | ၉၆ |
| ၅၆။ ဘုရားရော | ထွဏ်းသွေးအိမ် | ၉၇ |
| ၅၇။ မော်တော်ကား တစ်စီး | ထွဏ်းသွေးအိမ် | ၉၈ |
| ၅၈။ မင်းမလဲ | မိုးရှင့်ကြယ် | ၉၉ |
| ၅၉။ မီးခြစ်လေးတစ်လုံး | မိုးရှင့်ကြယ် | ၁၀၁ |
| ၆၀။ စက်ဘီးကလေးတွေ | မိုးရှင့်ကြယ် | ၁၀၂ |
| ၆၁။ အားလုံး ၂၄ နာရီ | မင်းနဒီဒ | ၁၀၅ |
| ၆၂။ သစ်တောက်ငှက်ဟာ သစ်ခေါက်တွေကို တတောက်တောက် | မင်းနဒီဒ | ၁၀၇ |
| ၆၃။ အိပ်မက်လမ်းဆုံးရပ်ရှင် | မင်းနဒီဒ | ၁၀၉ |
| ၆၄။ ညကဖေး | ယော်မင်းသန်း | ၁၁၁ |
| ၆၅။ မွေးနေ့ | ယော်မင်းသန်း | ၁၁၃ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၆၆။ နမ့်ခမ်း | ယော်မင်းသန်း | ၁၁၅ |
| ၆၇။ ဒီကနေ့သတင်းအတို | ကိုထက်-ရေဦး | ၁၁၇ |
| ၆၈။ အခွံတစ်စ | ကိုထက်-ရေဦး | ၁၁၉ |
| ၆၉။ ကြယ်သေ | ကိုထက်-ရေဦး | ၁၂၀ |
| ၇၀။ ငါ | နေညိုအောင် | ၁၂၁ |
| ၇၁။ ဆေးရုံ | နေညိုအောင် | ၁၂၂ |
| ၇၂။ မဖတ်နဲ့ မဖတ်နဲ့ | နေညိုအောင် | ၁၂၃ |
| ၇၃။ မျောက်တစ်ကောင်ရဲ့ချင်ခြင်းတပ်မှု | မိုသျှန်း | ၁၂၄ |
| ၇၄။ ပြီးခဲ့တဲ့စနေ | မိုသျှန်း | ၁၂၅ |
| ၇၅။ စည်းနဲ့ဝါးနဲ့ | မိုသျှန်း | ၁၂၆ |
| ၇၆။ ဘဝကို အမှတ်တရလို ဖြတ်သန်း | ပြည့်စုံဝင်း | ၁၂၇ |
| ၇၇။ ကြိုနေမယ်မလား | ပြည့်စုံဝင်း | ၁၃၀ |
| ၇၈။ ခဲ့ပြီးနောက် | ပြည့်စုံဝင်း | ၁၃၂ |
| ၇၉။ မေမေနှင့် လစာ | သူဌေး | ၁၃၃ |
| ၈၀။ စက္ကူထီးမျိုးဆက် | သူဌေး | ၁၃၅ |
| ၈၁။ လူပု ဒီဂရီ | သူဌေး | ၁၃၆ |
| ၈၂။ စောနက ငါတို့သင်ခဲ့တဲ့ သင်ခန်းစာများ | မောင်စိုးသစ်(မန္တလေး) | ၁၃၈ |
| ၈၃။ ဘယ်သူ့ဆီကလာတဲ့ဖုန်း | မောင်စိုးသစ်(မန္တလေး) | ၁၃၉ |
| ၈၄။ ဟောဒီစကားလုံးတွေ<br>ခေတ်ပြိုင်လှိုင်းအပြင်ဘက်ကလား... ကဗျာ | မောင်စိုးသစ်(မန္တလေး) | ၁၄၀ |
| ၈၅။ လူတစ်ယောက်နဲ့ ပင်လယ်တစ်ကောင်(၅) | မှူးနေဝန်း | ၁၄၁ |
| ၈၆။ လူတစ်ယောက်နဲ့ ပင်လယ်တစ်ကောင်(၆) | မှူးနေဝန်း | ၁၄၃ |
| ၈၇။ လူတစ်ယောက်နဲ့ ပင်လယ်တစ်ကောင်(၇) | မှူးနေဝန်း | ၁၄၅ |
| ၈၈။ လူဖြစ်စဉ်ဖယား | ကိုဒြပ် | ၁၄၇ |
| ၈၉။ အမာရွတ်တစ်ခုဖတ်ကြားခြင်း | ကိုဒြပ် | ၁၄၉ |
| ၉၀။ ပြည်သူပါတော်မူခန်း | ကိုဒြပ် | ၁၅၂ |
| ၉၁။ မြစ်တစ်စင်းရဲ့ နေ့ | K မြနွယ် | ၁၅၃ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၉၂။ ဖြောင့်ချက် (၂) | K မြနွယ် | ၁၅၆ |
| ၉၃။ မွေးဖွားခြင်း | K မြနွယ် | ၁၅၈ |
| ၉၄။ အဲသလို | မင်းဒီ | ၁၆၀ |
| ၉၅။ နွေလိုမိုးလိုဆောင်းလို | မင်းဒီ | ၁၆၁ |
| ၉၆။ အရိပ်ငတ် | မင်းဒီ | ၁၆၂ |
| ၉၇။ ဂိတ်မဆုံးသေးတဲ့ သတ္တဝါ | ထွန်းလင်းသစ်(ကန့်ဘလူ) | ၁၆၄ |
| ၉၈။ ငှါသစ်ရွက်များ | ထွန်းလင်းသစ်(ကန့်ဘလူ) | ၁၆၅ |
| ၉၉။ မျက်နှာပြင်ပေါ်က အထူးပြုလုပ်ချက်များ | ထွန်းလင်းသစ်(ကန့်ဘလူ) | ၁၆၆ |
| ၁၀၀။ ကိုယ်တို့မြို့ | အနုစ်(နဘူးအိုင်) | ၁၆၇ |
| ၁၀၁။ အိတ်ကပ်ထဲက ဝါကျများ | အနုစ်(နဘူးအိုင်) | ၁၆၈ |
| ၁၀၂။ တိမ်အဟောင်းတွေ လဲရအောင် | အနုစ်(နဘူးအိုင်) | ၁၆၉ |
| ၁၀၃။ ကမ္ဘာ | K သီဟ | ၁၇၀ |
| ၁၀၄။ မပျော်လည်းပျော်တယ် | K သီဟ | ၁၇၁ |
| ၁၀၅။ အတောင်ပံ | K သီဟ | ၁၇၂ |
| ၁၀၆။ စတီး | လွှန် | ၁၇၃ |
| ၁၀၇။ မမြင်ရသော မိုးတိမ်များ | လွှန် | ၁၇၄ |
| ၁၀၈။ ခုံ | လွှန် | ၁၇၅ |
| ၁၀၉။ နတ်သမီးပုံပြင် | ကြည်ချို | ၁၇၈ |
| ၁၁၀။ မာနမြစ်ကျဉ်း | ကြည်ချို | ၁၈၀ |
| ၁၁၁။ အဖျှတ္တဖိုင်တွဲ | ကြည်ချို | ၁၈၂ |
| ၁၁၂။ စိတ် က စိတ် မှာ | မျိုးဝေ | ၁၈၄ |
| ၁၁၃။ ကျွန်တော်ပြောချင်တာအဲလိုပါ မစ္စတာ | မျိုးဝေ | ၁၈၅ |
| ၁၁၄။ အမှောင်ထဲက အလင်းအော်သံ | မျိုးဝေ | ၁၈၇ |
| ၁၁၅။ ပြန်အိပ်မရတဲ့ တံခါးတွေ | မောင်ဖြိုးဝေ | ၁၈၈ |
| ၁၁၆။ ၂+၂=ပေါင်မုန့် | မောင်ဖြိုးဝေ | ၁၈၉ |
| ၁၁၇။ ခိုများ | မောင်ဖြိုးဝေ | ၁၉၀ |


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကဗျာအကြောင်းပိတ်သက်

ကဗျာအကြောင်းအရာကို ကျွန်တော်တို့ ပြောဆိုခဲ့ကြတာ များလှပြီ။ မပြည့်စုံသေးဘူး။ ဘယ်တော့မှလည်း ပြည့်စုံမယ် မဟုတ်ပေဘူး။ စာပေဆိုတာ ရှိနေသရွေ့ ကဗျာဟာ ရှိနေမှာပဲ။ ကဗျာဆိုတာ ရှိနေသရွေ့ ကဗျာအကြောင်းအရာဟာ ရှိနေမှာပဲ။ ကဗျာနဲ့ပတ်သက်ပြီး ဝိဝါဒကွဲပြားမှုတွေ၊ ငြင်းခုံပြောဆိုမှုတွေ၊ သဘောတရား အသစ်အသစ်တွေ ရှိနေရခြင်းကတော့ ကဗျာကိုယ်တိုင်က ရှင်သန်နေတဲ့ အကြောင်းအရာတစ်ခု ဖြစ်လို့ပဲ။ ရှင်သန်ခြင်း မရှိတော့တဲ့အကြောင်းအရာတစ်ခုအဖို့မှာ ပြောဆိုစရာ စကားလည်း မရှိတော့ဘူးပေါ့။

ကိုယ်တိုင်က ကဗျာဆရာဖြစ်နေသူများအဖို့ ကဗျာဟာ ကြီးကျယ်တဲ့အကြောင်းအရာပေပဲလို့ ပြောရမှာ လိပ်ပြာမလုံစရာပဲ။ ဒါပေမဲ့ ယေဘုယျသဘောတရားတွေအားလုံးကို အကျုံးဝင်အောင် ချုံ့နိုင်၊ ချဲ့နိုင်တာကတော့ ကဗျာမှတစ်ပါး အခြားမရှိပေဘူး။

ကဗျာအကြောင်းအရာ ငြင်းခုံမှုဟာ မပြီးဆုံးနိုင်တဲ့ တိုက်ပွဲဖြစ်တယ်။ ဘယ်တော့မှ ပြီးဆုံးမှာမဟုတ်တဲ့ အခန်းဆက်တိုက်ပွဲလည်း ဖြစ်တယ်။ တစ်စုံတစ်ယောက်ဟာ မဟာ

mgyoe.com

mgyoe.com



သမုဒ္ဒရာကြီးကို ထောက်မမှီနိုင်သလို ကဗျာကို ခွဲခြမ်းစိတ်ဖြာဖို့၊ ကဗျာရဲ့အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုဖို့ ခဲယဉ်းလှပေတယ်။ သမုဒ္ဒရာကြီးရဲ့ကမ်းစပ်ကို ရပ်မိတဲ့လူတစ်ယောက်ဟာ သမုဒ္ဒရာကြီးကို ငါ မြင်ပြီလို့ ပြောနိုင်ပါရဲ့။ သို့ပေမဲ့ သမုဒ္ဒရာကြီးတစ်ခုလုံးကို သူ မြင်သည် မဟုတ်။ သမုဒ္ဒရာကြီးရဲ့ တစ်စိတ်တစ်ပိုင်းကိုမျှသာ သူ မြင်ခြင်းဖြစ်တယ်။ ထိုထို့ဤဤ အလီလီသော ကျမ်းဂန်တို့မှ ဖြစ်စေ၊ ကိုယ်တိုင်ရှုမြင်သုံးသပ်အပ်သည့် သဘောတရားအရဖြစ်စေ ကဗျာအကြောင်း ဖွင့်ဆိုနိုင်ကြပေလိမ့်မည်။ သို့တိုင် ပြီးပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုတော့ ဖြစ်လိမ့်မည် မဟုတ်။

ခေတ်က ရိုက်ခတ်သော အတွေးအခေါ်၊ အတွေ့အကြုံများအရ ခေတ်က တောင်းဆိုသော ပုံသဏ္ဌာန်ကို တီထွင်ဖန်တီးခဲ့ကြရာ "ခေတ်ပေါ်ကဗျာ"ဆိုသည့် ပုံသဏ္ဌာန်ကို ရရှိခဲ့ကြပေပြီ။ ထို"ခေတ်ပေါ်ကဗျာပုံသဏ္ဌာန်"ကား မည်ကဲ့သို့နည်း။ လုံးလုံးကြီးပေတကား၊ ဝိုင်းဝိုင်းကြီးပေတကား၊ အလျားလိုက်ပေတကား၊ ဒေါင်လိုက်ပေတကား ဟူ၍ ပြောမရ။ ရှင်သန်နေသောအရာ၌ မူသေ မရှိ။ စီးဆင်းနေသော ရေအလျဉ်နှယ်တကား။

ခေတ်ပေါ်ကဗျာနှင့် ပတ်သက်ပြီး ပိုလန်ကဗျာဆရာ ပရ်ဇီဘိုစ်ပြောသည့် အဆိုအမိန့်တစ်ခုကို ဖတ်ဖူးသည်။

"ခေတ်ပေါ်ကဗျာတစ်ပုဒ်ထဲက စကားလုံးတစ်လုံးရဲ့ အနှစ်သာရဟာ ကဗျာတစ်ပုဒ်လုံးထဲက စကားလုံးအားလုံးရဲ့ အနှစ်သာရနဲ့ ချိန်စက်ကြည့်ရင် အတူတူပဲ ဖြစ်ရမယ်။ စာလုံးတစ်လုံးစီတိုင်းဟာ တာဝန်ကြီးတစ်ခုကို ထမ်းဆောင်နိုင်ရမယ်။ ဒါကြောင့် ကဗျာထဲက စာလုံးတစ်လုံးကို ဖြုတ်လိုက်တာနဲ့ ကဗျာတစ်ပုဒ်လုံး ပျက်စီးကုန်နိုင်တယ်"

မည်သို့ပင်ဖြစ်စေ ကဗျာအကြောင်း ဖွင့်ဆိုချက်တို့ဟာ

mgyoe.com

mgyoe.com



ကာလအလျောက် ရွေ့လျားပြောင်းလဲပေါ်ပေါက်နေမှာပါပဲ။ ကဗျာဆရာတစ်ယောက်ဟာ ကဗျာရေးခြင်းဖြင့်သာ ကဗျာ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်ပေလိမ့်မည်။

ပိုင်စိုးဝေ

၂၀၀၉

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

**ဘဘ–သို့**

ဘ ကိုတ၍၊ ဖွင့်ဟရင့်ကြွေး
ငြိမ်းချမ်းရေးကို
မနှေးရအောင် ဆောင်ပါမည်။
**ကိုလေး(အင်း၀ဂုဏ်ရည်)**
**၁-၈-၆၄။**

mgyoe.com

mgyoe.com


# အို အမေ

သဘာဝရဲ့
အလှလက်ဆောင်
တောင်လည်းပါတယ်
တောလည်းပါတယ်
မြစ်တွေပါတယ်
ပင်လယ်ပြာပြာ
မြေပြန့်တွေလည်းပါတယ်
ဘယ်မှာမှမရှိ
အမိမြေရယ်
နေပျော်လိုက်တာ
ဒါ
ငါတို့
ငါတို့ရဲ့
အမိမြေမြန်မာ။

ခါးစည်းပုဆိုး
မိုးလုံလေလုံ အရှက်လုံ
ထမင်းတွေ အပုံပေးတယ်
ဟင်းတွေ အကုန်ကျွေးတယ်

mgyoe.com

mgyoe.com


ပတ္တမြား နီလာ
ကျောက်စိမ်း ဥဿဖရား
ကမ္ဘာကျော်မျိုးစုံ
ကမ္ဘာတုန်ရတနာ
ဘယ်မှာမှမရှိ
အမိမြေရယ်
နေပျော်လိုက်တာ။

မြန်မာ့ကျွန်းလို့
ညွှန်းလိုက်ကြတဲ့သစ်
သစ်ညီအစ်ကိုတွေ
ရေပန်းစားကျော်ကြား
ကမ္ဘာတစ်လွှား . . .

ဒီရေတောက
လှိုင်းကြွမလာနဲ့
ကာကွယ်မယ် . . .

အတောင်ပံနဲ့
ပျံဝဲနေတဲ့မျိုးစိတ်တွေ
ခြေလေးချောင်းတွေ
ရေချိုရေငန်သတ္တဝါတွေ
မြန်မာပြည်မှာ ပေါပါ့ကွယ် . . .

mgyoe.com

mgyoe.com


ကြေးနီ ကြေးဝါ
ဘော်တွေ ရွှေတွေ
ဓာတ်ငွေ့တွေ ရေနံတွေ
ယူရေနီယံ
သယံဇာတ
ကြွယ်ဝ
လှလိုက်တဲ့ အမိမြေ
အို
နေပျော်လိုက်တာ . . .

အမေကျွေးတာစား
အမေဆင်တာ ဝတ်
အမေဆောက်တာ နေ
စာပေ ဖတ်ကြည့်
သိပါတယ် . . .

ခေါင်းခွဲ
ပိုက်ခွဲ
အသည်းထုတ်
အူထုတ်
ခြေခုတ်
လက်ဖြတ်
သတ်မယ်တော့မကြံနဲ့
မြန်မာတွေမှာ လက်ပါတယ် . . .။

ကိုလေး(အင်းဝဂုဏ်ရည်)
၁၅-၁၁-၂၀၁၅။
[ရွှေဘိုမြို့ ပန်းကဗျာ ခေတ်ပေါ်ကဗျာဆု၊
၂၀၁၅ ခု၊ ဂ ကြိမ်မြောက်၌ ဆုရကဗျာ]

mgyoe.com

mgyoe.com

# ညသံပေါက်

ရွာဦးနတ်စင်
မီးရောင်မြင်
မောင်ရင် ကိုရင် လှုပ်လှုပ်ရွရွ။

ဓားလုံ့မြမြ
တသသ
ဘယ်မှာလဲဟ ခက်ရင်းခွ။

ကြက်သားအုပ်မ
ဆောင်းအုပ်ကြ
ခဲနဲ့ဖိဟ တုံးဖိဟ။

ဟို နွားဂျစ်သိုး
တော်တော်ဆိုး
နှာကြိုးတင်းတင်း ချည်လိုက်ကြ။

ကျီတိုင်ထောင့်ချိုး
ဟို ခွေးဆိုး
သံကြိုးရှင်းရှင်း ဖြေလိုက်ကြ။

mgyoe.com

mgyoe.com


လက်နှိပ်ခါတ်မီး
ထိပ်ကားကြီး
ဖန်သီးကျွမ်းကို လဲစမ်းဟာ။

သက်ကြီးခေါင်းချ
ခွေးဟောင် ထ
ငှက်ကြီးတောင်ကြီး တဆဆ။

ခြံစည်းရိုးတိုး
ခွေးသူခိုး
ချိုးချိုးချွတ်ချွတ် လုပ်နေကျ။

ဇီးကွက် ဇီးကွက်
ညပျော်ငှက်
စည်းချက်ညီညီ အော်နေကျ။

အောက်အီးအီးအွတ်
သံကုန်လွှတ်
ရွာကျွတ်တွန်ကြ သန်းခေါင်ည။

ကင်းတဲသံချောင်း
ကားခွေဟောင်း
ကောင်းပဲ့ ကောင်းပဲ့ ရဲသွေးကြွ။

mgyoe.com

mgyoe.com


လှည့်ကင်း ပတ်ကင်း
ဝပ်တဲ့ကင်း
ကင်းပေါင်းမျိုးစုံ လုံခြုံကြ။
ခွာနဲ့ရှပ်လိုက်
စားကျင်းကိုက်
မြင်းမိုက် အစာ တောင်းနေကျ။

စားမြုံ့ခတ်လိုက်
ခြင် ယပ်လိုက်
ဖြုတ်ကိုက် မှက်ကိုက် မောင်းနေကျ။

ကောင်းကင်ပြာထဲ
ရောင်နီရဲ
ရွာထဲ ဖိတ်အန်ကျ။ ။

**ကိုလေး(အင်းဝဂုဏ်ရည်)**

ပန် ရှုပ်စုံမဂ္ဂဇင်း၊
အတွဲ ၆၊ အမှတ် ၃၊ မတ်၊ ၁၉၈၈။

mgyoe.com

mgyoe.com


# သံလွင်ခေါက်သရုပ်

မီးအကြိမ်ကြိမ် ရေအကြိမ်ကြိမ်ဖျက်ပေမယ့်
ကမ္ဘာကြီးမပျက်စီးခဲ့ဘူး။
ကျဆုံးသွားတဲ့ယဉ်ကျေးမှုတွေအစား
ယဉ်ကျေးမှုအသစ်တစ်ခုစိုက်ပျိုးဖို့
တို့ရောက်လာခဲ့။
ထွန်ယက်ဖို့ရာ
နှလုံးသားအသစ်တွေလိုပါတယ်။
အရေးကြီးတဲ့အရာတိုင်းဟာ
ခေါမပြည်က လာခဲ့သလား
မဇ္ဈိမဒေသက စခဲ့သလား
ရုပ်နာမ်တရားနဲ့
လူသားရဲ့သရုပ်အမှန်
ဝေဖန်ပိုင်းခြားစိစစ်
ဖြစ်တည်မှုအစ
ဘဝအဓိပ္ပာယ်ရှင်သန်ခဲ့ပြီ။
ကမ္ဘာဦးအစ အသင်လူသား
သင်တို့ထားရစ်ခဲ့သည့် ကောင်းမွေဆိုးမွေ
ကျွန်ုပ်တို့ ခံယူပေသည်။

mgyoe.com

သမိုင်း၏ ဖြစ်စဉ်တရား
အမှားနှင့်အမှန်
ဂန္ထဝင်မြောက်စစ်ပွဲများက
လူသားရဲ့တန်ဖိုးကို ဆုံးဖြတ်ခဲ့ပေ့ါ။
ကြီးမြတ်သော ၂၁ ရာစုတံခါးဝမှာ
အစဉ်အလာမိုက်မဲမှုများ
ထားခဲ့ကြပါစို့။
ချိုးဖြူငှက်သာ ပျံဝဲပါစေ။ ။

ပိုင်စိုးဝေ

ကလျာ၊ ဇန်နဝါရီ၊ ၂၀၀၁။
စတိုင်သစ်၊ ဖေဖော်ဝါရီ၊ ၂၀၀၁။

mgyoe.com

mgyoe.com

# ဘောလုံးအသင်း

ကိုယ့်နာမည်ကိုယ်ပြန်မှတ်မိဖို့
ကိုယ်သောက်နေကျဆိုင်ကို သွားရတယ်
အားလုံးဘယ်သန်၊ အားလုံးလက်ရည်တူ၊ အားလုံးနတ်ဝင်စားတွေချည်း။
သောက်လို့သေတဲ့သူတွေအကြောင်း ပြောဆိုငိုကြွေးရင်း
ဆက်သောက်ကြ။
ပြီး
ကိုယ့်အတိတ်ကို ကိုယ်ပြန်သောက်ကြ
သံဝေဂရထားတွေ ခုတ်မောင်းကြ
ပုစဉ်းရင်ကွဲတွေ ရင်ကွဲအောင်အော်သလို
ရင်ကွဲနေသူတွေမို့ ရင်ကွဲအောင်သောက်ကြ
တစ်လုံးမှမဝင်အောင် မသွင်းနိုင်ဖူးတဲ့ မိတ္တဗလင္ဒီကာထဲ
အပိုင်ဂိုးတွေ တစ်လုံးပြီးတစ်လုံး စိတ်ကူးနဲ့ကန်သွင်း
နပိုလီယံအစစ်ကို မတွေ့သေးဘူး
ဆက်သောက်၊ ဆက်သောက်
မန်ချက်စတာယူနိုက်တက်အသင်းကို အနိုင်မရသေးဘူး
ဆက်သောက်၊ ဆက်သောက်
ဘယ်ဆိပ်ကမ်းမှ မကပ်ဘူး
ဘယ်ဘူတာမှ မရပ်ဘူး

mgyoe.com

mgyoe.com


ဆက်သောက်။
ဆိုင်ပိတ်ချိန်ရောက်ပေ့ါ။
ကိုယ့်ဂိုးကိုယ်ပြန်သွင်းကြ
ကိုယ့်အန်ဖတ် ကိုယ့်အိတ်ကပ်ထဲကိုယ်ပြန်ထည့်
သူ့ဖိနပ်ကိုယ့်ဖိနပ် တစ်ဖက်စီမှားစီး
ကိုယ့်နားရွက်ကို ကိုယ့်ပခုံးနဲ့ကိုယ်တိုင်ထမ်းပြီး
ကိုယ့်လမ်းကိုယ်ပြန်ကြ။

အချစ်ရေ
တံခါးဖွင့်ပါဦးကွဲ့။
ဂီတမှာအသံရှိရဲ့လား။ ။

ပိုင်စိုးဝေ
၁၁-၅-၂၀၀၁။

သရုပ်ပြ၊ နိုဝင်ဘာ၊ ၂၀၀၁။

mgyoe.com

mgyoe.com


# ကိုယ့်ကြောင့် ကမ္ဘာကြီး မနာကျင်စေချင်

အားကောင်းမောင်းသန် ရှူးသွပ်ခဲ့စဉ်တုန်းက
ကောင်းကင်ဘုံကိုမော့ကြည့်ဖို့ ကြိုးစားဖူးတဲ့
သိုးတစ်ကောင်။
သင်ရိုးညွှန်းတမ်း ပျောက်ဆုံးနေတဲ့နှစ်များ။
အထင်တော်လွဲမှားပြီး
ဘုရားသခင်က လက်ဆောင်တစ်ခု ချီးမြှင့်လိုက်ရဲ့
မင်းကလေးကိုပေါ့ စံပယ်ခင်။
အခုတော့
သူ့သဘောသူဆောင်တဲ့ အာကာသဓာတ်ကြိုးကြောင့်
တစ်ကျွန်းစီနေ တစ်မြေစီခြားရပေါ့။
ပုံတွေဟာ တီးဖို့မဟုတ်တော့ဘူး။
အိမ်မပြန်တမ်းပေါ့ကွယ်
တိမ်တွေရဲ့ အဆန်လမ်းမှာ
ကိုယ့်ခြေလှမ်းတွေ ပျောက်ဆုံးခဲ့ရ၊
ကိုယ့်ကျောပေါ် အလျားလိုက်စီးတဲ့မြစ်မှာ
ကိုယ့်ရာဇဝင် ပျောက်ဆုံးခဲ့ရ၊
တစ်စက်မှ ရေမရှိတဲ့မြစ်ကြီးထဲ
လှေနာဝါကို ရွက်လွှင့်ခဲ့ရ။
အနွေးဓာတ်ပါတဲ့ အနမ်းရဲ့အငွေ့အသက်ဟာ
အမြဲတမ်းပဲ အတိတ်ကို ဆောင်တယ်
သရဖူမဆောင်းဖူးတဲ့ တို့ရဲ့မာနတရားကတော့
ဘယ်တော့မှ မိုးမလင်းပေဘူး။

mgyoe.com

mgyoe.com


သက်သေပြချက်တွေကို လိုက်ရှာမနေပါနဲ့တော့
ကိုယ့်ကြောင့်
ကမ္ဘာကြီး မနာကျင်စေချင်၊
ကျောက်တုံးတစ်တုံးမှာ
အောက်မေ့အမှတ်ရစရာ ဘာမှမရှိ၊
ပန်းတစ်ပွင့်ဟာလည်း
ဝံပုလွေတစ်ကောင်ရဲ့ အိပ်မက်တစ်ခု မဖြစ်နိုင်၊
မြွေတစ်ကောင်ကတော့
သူ့ကိုယ်သူ လေယာဉ်ပျံတစ်စင်းလို့
စိတ်ကူးယဉ်ခဲ့ဖူးမှာပေါ့။
ကျဆုံးသွားတဲ့ လူ့ယဉ်ကျေးမှုတိုင်းကို
အနမ်းနဲ့နှုတ်ဆက်ဖို့
ကိုယ့်အနာဂတ်ဟာ
အဝေးက ပြန်လာနေပါပြီ။

ပိုင်စိုးဝေ

ဖေဖော်ဝါရီ၊ ၂၀၀၁။

mgyoe.com

mgyoe.com


# ပန်းရိုင်းသစ်တွေရဲ့တေးသံ

■ ခလေးတွေဟာ
မနက်ဖန်မှာ
ကဗျာသစ်တွေ စပ်လိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
ဂီတတွေကို သစ်စေမယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
ပန်းချီရိုင်းတွေ လှိုင်းထနေအောင်ရေးလိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
အကသစ်တွေ ဝေလိမ့်မယ်

mgyoe.com

mgyoe.com


■ ခလေးတွေဟာ
မနက်ဖန်မှာ
ခေတ်ပြိုင်ဝတ္ထုသစ်တွေ ရေးလိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
လူထုအတွက် သတင်းစာသစ်တွေ ထုတ်လိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
ပညာသစ်တွေ ဝေလိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
ရိုးသားစင်ကြယ်စွာနဲ့ လူလားမြောက်လို့လာလိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
နှောင်ကြိုးမဲ့ ကမ္ဘာသစ်တခုကို ဖန်တီးလိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
ပွဲတော်တွေကို သစ်စေမယ်

mgyoe.com

mgyoe.com


■ ခလေးတွေဟာ
မနက်ဖန်မှာ
အနှိုင်းမဲ့ မဟာဗုဒ္ဓရဲ့ အတုမဲ့ဓမ္မစကား
ကမ္ဘာကြားအောင် ဟောလိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
နေမင်းရာထောင်
လမင်းကုဋေ
ကြယ်စင်တစ်သောင်းနဲ့
အလင်းခေါင်းလောင်းထိုးလိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
ရိုးမကြီးတွေကို ခေါင်းအုံးအိပ်
သမုဒ္ဒရာကြီးတွေကို ကောင်းကင်ပေါ်မှာတင်
အပြာရောင်လွင်ပြင်ထဲက ချိုးဖြူကလေးရဲ့
ငြိမ်းချမ်းရေးအိပ်မက်တွေ ဝေလိမ့်မယ်

mgyoe.com

mgyoe.com


■ ခလေးတွေဟာ
မနက်ဖန်မှာ
အနုပညာသစ်တွေနဲ့ ကမ္ဘာသစ်ကို တည်ဆောက်
အံ့လောက်ဖွယ်ရာ
မဟာဖန်တီးရှင်တွေ ဖြစ်လိမ့်မယ်

■ ခလေးတွေဟာ
မနက်ဖန်မှာ
အနာဂတ်သစ်ကို ပိုင်တဲ့
ခလေးငယ်တွေရဲ့မျက်နှာပေါ်က
နှလုံးသားကိုသာ ဖတ်လိုက်ပါ
ကောင်းကင်အိမ်အဆန်လမ်းထဲက ပန်းရိုင်းသစ်တွေရဲ့တေးက
ကမ္ဘာတည်အောင် မွေးနေပြီ

မြေးကလေးတွေဖြစ်တဲ့ မပြည့်ဖူးခန့်
မောင်တာရာလင်းသျှန်နဲ့ သော်တာလမင်းမေတို့ရဲ့
ပန်းရိုင်းပွင့်သစ်တွေအတွက်
မောင်နွေထက်

mgyoe.com

mgyoe.com


# ပိတောက်နုရောင်လမ်းကလေး

■ ဥသြတေးသံက
နွေရင်ခုန်သံတေးနဲ့
ကမ္ဘာအေးအောင်
အလင်းတောင်ပံ ဖြန့်နေပြီ
ကမ္ဘာသစ်ကြီးအတွက် လက်ဆောင်
ပိတောက်နုရောင် တောက်လို့

■ ဟော
ပြောရင်း ဆိုရင်း
အရှေ့ရိုးမရဲ့ ရင်ခွင်အတွင်းက
ပတ္တမြားရောင် နှင်းဆီနေမင်းက
မြက်ရိုင်းတောထဲက
ပန်းရိုင်းဖြူတေးတွေရဲ့ ရနံ့လှိုင်းနဲ့
မဆိုင်းမတွ ပျံ့သန်းအလာ
ဒီမှာ
မနက်ခင်းရဲ့ ပိတောက်နုရောင်အလင်းကို

mgyoe.com

mgyoe.com


■ ဒီလိုနဲ့
ငါဟာ
ဘဝကို အပျော်မဖတ်ခဲ့တာ သေချာပြီ

■ မန္တလေးရဲ့မနက်ခင်း
ကျုံးနံဘေးမှာ
လမ်းလျှောက်နေတဲ့ ရင်ခုန်သံတွေက
ပိတောက်နုရောင်မွှေးနေတဲ့
မန္တလေးတောင်ထိပ်ဆီကနေ
ဟိုး . . . အရှေ့ရိုးမကြီးဆီ လှမ်း
ဝိညာဉ် မီးလျှံပန်းတွေက ထိန်ထိန်ဝေ
ကျုံးရေပြင်ကိုဖြတ် မြမြို့ရိုးကိုကျော်
ကောင်းကင်ပတ် ကမ္ဘာဖြတ်တဲ့လမ်း
မြေနှစ်ကောင်တောင်တန်းပေါ်မှာ
ကြည့်ကြစမ်းဟော့
ဒီမှာ
ပိတောက်နုရောင်တောက်နေတဲ့ လမ်းကလေးလေ

■ ပိတောက်နုရောင် လမ်းကလေးပေါ်မှာ
ကောင်းကင်ပန်းတွေက
ကြည့်စမ်း . . . ဒီနေ့မှ
အစွမ်းကုန်ပွင့်လို့

■ အဟောင်းအညစ် စင်ပြီး
အကောင်းအသစ်တွေနဲ့ လွင်နေတဲ့နွေ
ပိတောက်နုရောင် တောက်လို့ဟော

mgyoe.com

mgyoe.com


■ ခွပ်ဒေါင်းလည်ပြန်နဲ့
ငါ့ နွေဦးသစ် လာရာလမ်းကလေးဆီမှန်း
တမ်းတစရာ ရုပ်ပုံလွှာတစ်ခု
နှလုံးသားနဲ့ ဆစ်ထုလိုက်တဲ့အခါ
မုသားတွေ ပြာကျ
အတ္တတံခွန်တွေကျိုးကျ
မာယာတွေမီးလောင်
ရာဂမုဒိန်းတွေမပါတဲ့ပြဇာတ်

■ ဟော
ပိတောက်နုရောင် လမ်းကလေးထဲမှာ
ငါ ဖတ်နေတာ ကြာခဲ့ပြီ

■ ငါ့ . . . အနာဂတ်ဖတ်စာက
လူထုရဲ့မဟာအနုပညာတပ်ဦးက နွေဦးသစ်မှာ
မြို့မငြိမ်းရဲ့တူးပို့သံနဲ့ပိတောက်နုရောင်ကဗျာ
သကြ်န်လေညင်း နှအေးကဖြာ
လွမ်းစရာပွဲတော်တစ်ခု
ငါ့ရင်ထဲမှာ မွေးဖွားလုပါပေ့ါ

mgyoe.com

mgyoe.com

■ ဟော
ပိတောက်နုရောင်တောက်နေတဲ့ ငါ့နွေဦးသစ်ဟာ
တဖန်ပြန်လည်မွေးဖွားအလာ
ငါ့မန္တလေး တောင်ထိပ်က
အဝါရောင် အတုမဲ့ကဗျာတစ်ပုဒ်ဟာ
ပိတောက်ကဗျာသစ်တွေ ဆုပ်ဆုပ်ကြဲ
ကောင်းကင်အိုကြီးကိုဖောက်ခွဲ
ငါ့ ရင် နှလုံးသွေးထဲက
ငါ့ ပိတောက်နုရောင် လမ်းကလေးက

■ ကြည့်စမ်း
အံ့မခန်းပျံ့သန်း
ဝိညာဉ်ပြေးလမ်းပေါ်က
အလင်းပန်းတွေက ကြွေခြင်းမဲ့
ပိတောက်နုရောင် လမ်းကလေးထဲကိုလျှောက်လာတဲ့
နွေသစ်ကို
ငါ့ အသက်ဝိညာဉ်နဲ့ပူဇော်လိုက်ပါရဲ့
**မောင်နွေထက်**

mgyoe.com

mgyoe.com


## ငြိမ်းချမ်းရေး

ကျည်ဆန်ခွံ ပန်းအိုးကလေးထဲမှာ
နှင်းဆီသစ်တွေ ဝေ
ချိုးဖြူကလေးတွေ ပျံပါစေ
**မောင်နွေထက်**

mgyoe.com

mgyoe.com

# မင်းရဲ့ကမ္ဘာမှာ

ငါတို့အငြင်းပွားကြရာ
ငါတို့ပြန်လည်သင့်မြတ်ကြရာ
ဟောဒီမင်းရဲ့ကမ္ဘာမှာ ။

ငါတို့ရယ်မောကြရာ
ငါတို့ငိုကြွေးကြရာ
ဟောဒီမင်းရဲ့ကမ္ဘာမှာ ။

ငါတို့ကျရှုံးကြရာ
ငါတို့အောင်မြင်ကြရာ
ဟောဒီမင်းရဲ့ကမ္ဘာမှာ။

ငါတို့ယစ်မူးကြရာ
ငါတို့သီလဆောက်တည်ကြရာ
ဟောဒီမင်းရဲ့ကမ္ဘာမှာ။

ငါတို့အော်ဟစ်ကြရာ
ငါတို့တေးသီကြရာ
ဟောဒီမင်းရဲ့ကမ္ဘာမှာ။

ငါတို့စောင့်မျှော်ကြရာ
ငါတို့ရောက်ရှိကြရာ
ဟောဒီမင်းရဲ့ကမ္ဘာမှာ ။

**နေမျိုး**
၇-၁၁-၂၀၁၆။

mgyoe.com

mgyoe.com

# သမီးကလေးမတ်မို့

တစ်ရက်အိပ်ရေးပျက် တစ်ရက်အိပ်ရေးဝ
တစ်ရက်ဆာလောင် တစ်ရက်အစာစား
တစ်ရက်စိတ်ညစ် တစ်ရက်ပျော်ရွှင်
တစ်ရက်တည်ငြိမ် တစ်ရက်စိတ်လှုပ်ရှား
တစ်ရက်မေ့ တစ်ရက်သတိရ
တစ်ရက်ပျောက်ဆုံး တစ်ရက်ပြန်လည်တွေ့ရှိ
တစ်ရက်ဝေဝါး တစ်ရက်ယုံကြည်

တစ်ခုမှန်ရင် တစ်ခုကမှားလိမ့်မယ်
တစ်ခုမှားနေရင် တစ်ခုကမှန်လိမ့်မယ်
တစ်ခုမှန်ရင် နှစ်ခုစလုံးမှန်နိုင်တယ်
တစ်ခုမှားရင် နှစ်ခုစလုံးလည်းမှားနိုင်တယ်
ဒီဝက်ပါထဲမှာ ငါတို့နေထိုင်ကြတယ်။

နေမျိုး
၃၀-၁၀-၂၀၁၆၊
ည-၁၀း၄၆၊

mgyoe.com

# သာဝကတစ်ဦး၏မှတ်စု

ဘုရားသခင်သည်
ဂျင်းဘောင်းဘီကိုဝတ်တော်မမူ
အကြောင်းမူကား
မဟာကရုဏာသည်
လူသားအဖို့ သာ၍ထိုက်သောကြောင့်တည်း။

ဘုရားသခင်သည်
ချောကလက်ကိုသုံးဆောင်တော်မမူ
အကြောင်းမူကား
ဆာလောင်မွတ်သိပ်သူကို
နှစ်သိမ့်စေခြင်းငှာ ပြုအပ်သောကြောင့်တည်း။

ကျွဲချိုဖျား၌ မြို့ပြတည်လတ္တံ့
အသားတုံးများ၏အော်ဟစ်သံကိုကြားရလတ္တံ့
နံ့သာဆီမီးသည်
အတိုင်းမသိထွန်းလင်းလတ္တံ့
ပင်လယ်ဓားပြများ
ကုန်းမြေပေါ်သို့ရောက်သော်
သူတော်စင်ဖြစ်လတ္တံ့

ဂစ်တာကြိုးများကို လဲပြီးပါပြီအရှင်
ဘုရားသခင်သည်
ဂျင်းဘောင်းဘီကို ဝတ်တော်မမူ-

**နေမျိုး**

**(ဒီကဗျာရေးထားတာ နှစ် ၂၀ လောက်ရှိပြီ
ဘယ်မှလည်းမပို့၊ ဘယ်မှာမှလည်းမဖော်ပြခဲ့ဘူး
ကိုယ့်ဘာသာ သိမ်းဆည်းထားခဲ့တာ။)**

mgyoe.com

# နှင်းဆီများ

- 'မြတ်လေး'ရဲ့
  မခင်နှင်းဆီရဲ့ နှင်းဆီရယ် . . . .
- 'မောင်သင်းခိုင်'ရဲ့
  စက်တင်ဘာနှင်းဆီရယ် . . . .
- မိုးမိုး(အင်းလျား)ရဲ့
  နာမကျန်းသည့် အိုနှင်းဆီရယ် . . . .
- မန္တလေး ၂၉ လမ်းဘေးက
  ဆူးမဲ့နှင်းဆီတွေရယ် . . . .
- 'လူထုဒေါ်အမာ'ရဲ့
  မနှင်းဆီရထားလေးပေါ် တင်ကြည့်လိုက်တယ်
- ပန်းရနံ့တွေက
  စုန်တယ်လေ ဆန်တယ်လေ . . .

မောင်သင်းပန်

mgyoe.com

mgyoe.com

# ပျားရည်

■ ‘တော်စတွိုင်း’ရဲ့ ပျားရည်
‘မြို့မငြိမ်း’ရဲ့ ပျားရည်
‘မြရာတော’ရဲ့ ပျားရည်
မွေးမြူရေး ပျားရည်
ဆင်တူယိုးမှား ပျားရည်
“ဟောဒီက
ပျားရည်စစ်စစ်လေး ဝယ်ကြဦးမလား”
မြို့လယ်ကောင်က ပျားရည်၊
■ ကျွန်တော်
‘သံလွင်ခက်’ကဖေးမှာ
လက်ဖက်ရည် ဆိမ့်ဆိမ့်တစ်ခွက် သောက်နေတယ်

**မောင်သင်းပန်**

mgyoe.com

 mgyoe.com



# မန္တလေးညနေခင်း

- အိပ်တန်းပြန်ငှက်တွေ
  အုပ်ဖွဲ့ပြီး
  တစ်အုပ်ပြီးတစ်အုပ် အရှေ့ဘက်ကို ပျံသန်းသွားကြပြီ၊
- ဟိုတုန်းက 'အိပွဲ့ အိပွဲ့'
  အခု'ဖုတ်ချက် ဖုတ်ချက်' လှေကလေးတွေ
  ဧရာဝတီကို ဆန်တက် ကမ်းဘေးကျေးလက်တွေဆီ . . . .
- ကြွက်မြီးတန်းနေတဲ့ စက်တပ်ယာဉ်တွေ
  လမ်းအပြည့် လူအပြည့်
  လမ်းကူးရခက် လမ်းဖြတ်ရခက်
  ခက်ခက်ကိုမှ လိုချင်သူတွေ . . . .
- နေလုံးကြီးကတော့
  ကြမ္မာရဟတ် တစ်ပတ်လည်ပြီး
  မင်းဝံတောင်တန်းပေါ်ကနိမ့်ဆင်းသွား . . . .
- မြို့လယ်ကောင်
  ခုနစ်ဆောင်တိုက်ခန်းမှာ
  မီးမထွန်းဘဲ လင်းနေတဲ့'ပပဝတီ'တွေ
  မိတ်ကပ်လိမ်းလို့ မပြီးသေး . . .။ ။

မောင်သင်းပန်

mgyoe.com

mgyoe.com


# မတ်လ

နွေဦးဟာ
လတပေါင်း ခအောင်းရယ်တဲ့ပွင့်ချိန်တန်
အသံဝါဝါကြီးနဲ့ ရောက်လာတယ်။

'မိုးကုပ်ကုပ်ဝယ်
အို ရုတ်တရက် မျဉ်းဖြူစက်၍
ကွဲအက်ကြောင်းရာ ဟဟလာပြီး'
ဒဂုန်တာရာရဲ့
မတ်လတော်လှန်ရေးကဗျာ
လက်ပံပင်ပေါ်ကကျလာတယ်။

၅၂ မွေးဆိုတော့
ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲ
ဘယ်မှာမီလိမ့်မလဲ
တပေါင်းတဲ့
ရွက်ဝါတဲ့
ဥဒါန်းမကြေ ကြယ်ကြွေသောညတဲ့
ကြယ်ကြွေရာမြေ ရွှေတောင်မော်တိုက်ပွဲတဲ့
ဗိုလ်ဗကို ဇော်လွင် ကျော်ဖေ ဒိုင်ဗင်တင်လှ
ဂျပန်ကိုချတော့မှ
အားရပါးရ လက်ခုပ်တီး လက်ခေါက်မှုတ်
ရွှေနဂါးရုပ်ရှင်ရုံထဲ
တော်လှန်ရေးဆင်နွှဲရတာ။

မတ်လ
မမီတဲ့ မတ်လ
မအအောင် သမိုင်းသင်လေမှ

mgyoe.com

mgyoe.com


ဂဃနဏ သိရတဲ့အပြင်
နောက် မတ် တစ်လကိုလည်း
သိရပြန်ပြီ သင်ရတာကိုး
အိုး . . .
တိုင်းပြည်ကြီး ချောက်ထဲကျရန်
လက်နှစ်လုံးအလို ဆိုပါကလား။

ပြဋ္ဌာန်းစာမှ
ခြေရာရတော့
မအလိုသူတွေ
ဆင်ရှာဖွေသည်
ဆင်သေ ဆိတ်သားရေဖုံးလျက်။

သိုက်ထွန်းသက်

mgyoe.com

mgyoe.com



# တောင်ပြုန်းတရားဟူသည်

အမေရယ် အမေရယ်
ရွှေပြုန်းကို မယ်ညီရောက်
တစ်ခေါက်နဲ့ကြောက်ခဲ့တယ်

ကြောက်ပေမဲ့ ပျော်ပါတယ်
ဖော်သဟာတွေက များ
ရှောင်းတချွေ ရွှေတချောင်းမှာ
လှောင်းတလေ လှေတလောင်းနဲ့
ပေါင်းစုကာ သွား။

ရွှေပြုန်းက ပန်းခွာညို
ကိုလူပျို မယ်ကိုညို့
မင်းပန်ဖို့ဆို

ပန်စေလို
ဘယ်ညိုဆီ လက်အလှမ်း
မပန်ထိုက်ပြီရှင့်
မို့တမီ လှေအလူးမှာ
ရေကူးတဲ့ပန်း။

mgyoe.com

mgyoe.com


ကမ်းစပ်မှာ လူစုစု
အသံပြုစောင့်ခေါ်နေ
ရှေ့နားမှာ လူတစ်ယောက်
ဗိုက်ပေါက်လို့ သေ

လူနည်းလို့ ယောက်မရေ
ကြောက်ဒူးတွေ တဆတ်ဆတ်

ဆင်ခိုးမမောင်မောင်က
ရာဇဝတ်ကောင် ဒီလူဆိုးကို
ကျည်ထိုးပစ်သတ်။

ကားစင်မှာ အသေဆိုးနဲ့
ငမိုးတဲ့ငရဲကောင်
သေနတ်ချိန် ဇိဝိန်နုတ်သူက
မောင်မောင်တုတ် မင်းရနောင်

သတ္တိသွေး တကယ်ပြောင်
ခပ်လှောင်လှောင်ထေ့စကား
သုံးချက်ပစ် ကျွန်မသေရင်
ကားစင်က ဖြုတ်ပေးမလား။

တစ်ချက်ဆို တစ်ချက်တည်း
ဒိုင်းခနဲ မြည်သကို
လက်ပံပင် အမြင့်ကြီးပေါ်က
ကျီးအုပ်လန့်ပြို

mgyoe.com

mgyoe.com


အသက်မဲ့ခန္ဓာကိုယ်
သွေးစီးယိုယိမ်းထိုး
မယ်ညိုခြင် မကြားရဲလို့
လူထဲဝင်တိုး။

ရတနာပုံမြို့သားတို့
ပိပြားဖို့ စံနမူ
အသေကောင် မမြှုပ်ဘဲ
ရုပ်သရဲပြ အုပ်ချုပ်သူ

'တောင်ပြုန်းတရား'ဟူ
ပြည်သူအတွက်ပေလား
မယ်ညို မတွေးတတ်ပေမယ့်
စာဆို အတွေးပြတ်ချင်သပ
ရနောင်မောင်ရပ်တည်ချက်က
သီပေါဘက်သား။ ။

သိုက်ထွန်းသက်

mgyoe.com

mgyoe.com


# ဖေ့ခ်ဘွတ်ခ်ရွာမှာ

အီစွတ်ပုံပြောင်းက
မြည်းရောင်းသွား သားအဖနှစ်ယောက်
မျက်စိလည်လမ်းပျောက်
ဖေ့ခ်ဘွတ်ခ်ရွာထဲ ရောက်လာတယ်။

ရွာလမ်းမ
နေပူပူ ဖုန်ထူထူ
လူမစီးဘဲ
မြည်းဆွဲလာလို့တဲ့
'မိုက်မဲထူအ သားအဖ' ။

သားကိုမြည်းပေါ်တင်
အဖ ခြေကျင်လျှောက်တော့
"မြည်းပေါ်က သား
နောင် မကြီးပွားဘဲ
အလကောင်ကား
အလကားကောင်ဖြစ်တော့မယ်"တဲ့
ဆင်းဟာဆင်းဟ၊

mgyoe.com

mgyoe.com


ဆင်းဟဲ့ ဆင်းဟဲ့
ဒီတစ်လှည့်ကျ
အဖ မြည်းပေါ်ရောက်
သား ခြေကျင်လျှောက်
ဘယ်လောက်မှ မဝေးသေး
"သားငယ်လေးတောင် မညှာ
ဒီလူကြီး ရှုံစရာ" ။

တက်ဟ တက်ဟ
ငါ့သားရ
ထိုင်ဟ ထိုင်ဟ
ငါ့နောက်က
မြည်းတစ်ကောင်နှစ်ကောင်စီး
ခရီးဆက်အလာ
"သေတော့မှာ သေတော့မှာ
ဒီသားအဖ သတ်တာနဲ့
မြည်းလေး သေတော့မှာ"

ဖေ့ခ်ဘွတ်ခ်ရွာမှာ
မိတ်ဆွေတစ်ရာ ပါးစပ်တစ်ရာ
ပါးစပ်တစ်ရာ လျှာတစ်ရာ
ပြောချင်တာပြော လူ့သဘောလေ
သဘောတူတူ မတူတူ
ငြူစူစရာ မရှိပါ။

mgyoe.com

mgyoe.com


အခုဟာက
ဖေ့ခ်ဘွတ်ခ်ရှာနေ မိတ်ဆွေတစ်ယောက်
သူတစ်ယောက်တည်း
ပါးစပ်တစ်ပေါက် လျှာတစ်ခေါက်နဲ့
လျှာမှောက်လျှာလှန် လျှာကန်လျှာပတ်နဲ့
လျှာရဟတ် လျှာကျွမ်းထိုး လျှာလွှန်းထိုးနဲ့
လျှာအရိုးမရှိတိုင်း အမျိုးမျိုးလိုက်ဝေဖန်
မြည်းကလည်း မကန်
သားအဖကလည်း ရန်မလုပ်တဲ့ပြင်
မြည်းခြေလေးချောင်း ကြိုးနဲ့တုပ်
ထမ်းပိုးလျှိုထမ်းကြတော့မယ် အလုပ်။

ဖေ့ခ်ဘွတ်ခ်ရှာထဲ
ထင်တိုင်းကြွေမွှေ
မိတ်ဆွေတဲ့လား
မှန်းစမ်း ဘယ်မလဲ
ကဲ လာခဲ့စမ်း
ကမန်းကတန်း ကတိုက်ကရိုက်
ဘလော့လိုက်ပြီးပါကြောင်း ။
သိုက်ထွန်းသက်

mgyoe.com

mgyoe.com


## တိတ်ဆိတ်သောနွေဦး

အဲဒီနွေဦးပေါ့
မပင့်မဖိတ်ဘဲ ရောက်ရောက်လာတတ်တာ။

စောပါသေးတယ် . . . အချိန်မကျသေးဘူး။
ဆောင်းနဲ့အတူ နွှေးနွှေးထွေးထွေး နှပ်လို့ကောင်းနေဆဲ
နွေက စောပြီး ရောက်လာတယ်

တမြန်နှစ်ကထက် မနှစ်က စောပြီး ရောက်လာ
မနှစ်ကထက် ဒီနှစ်စောပြီးရောက်လာ
ငါ့မှာတော့ ပြင်ဆင်ချိန်လေးတောင် မရလိုက်ဘဲ
ချစ်သောဆောင်းနဲ့ ခွဲခဲ့ရပြန်တယ်
စောစောစီးစီး အရေခွံ လှန်လိုက်ရတဲ့ ဆောင်းမှာ
နှုတ်ဆက်ချိန်တောင်မရလိုက်ရှာဘူး
ဩော် . . . နွေဦးရယ်
မင်းကို ချစ်ခဲ့တဲ့ ငါဟာ
မင်းရဲ့ မင်းမှုတာကို ခံရဦးတော့မယ် ။ ။

**မောင်သင်းဝေ**

IDEA Magazine, မတ်၊ ၂၀၁၃။

mgyoe.com

mgyoe.com


# ရေနဲ့တူတဲ့ လူ

သူဟာ ရေပဲ
ဘယ်တော့မှ အထက်ကို မဆန်
အောက်ကိုပြန်ပြီး စုန်ဆင်း
ဟင့်အင်းလည်း မငြင်းဆန်
လက်ခံ ခေါင်းညိတ်တတ်သူဖြစ်တယ်။

သူဟာ ရေပဲ
ပြောင်းလဲမှုမြန်ဆန်
ပုံသဏ္ဍာန်အတိအကျ မရှိ
ခွက်ရဲ့သဏ္ဍာန်အတိုင်း ပုံပြောင်း
လမ်းဟောင်းလိုက်သူဖြစ်တယ်။

mgyoe.com

mgyoe.com

သူဟာ ရေပဲ
နီတဲ့အခါ နီ
ကြည်တဲ့အခါ ကြည်
နောက်တဲ့အခါ နောက်
ကိုယ်ပိုင်အရောင်ပျောက်ဆုံး
ဆိုးသလောက် အရောင်ပြောင်းတတ်တယ်။
သူဟာ ရေပဲ
ဆားထဲမှာ ပျော်ရင်ငန်
သကြားထဲမှာ ပျော်ရင်ချို
သံပရာနဲ့ဆိုရင် ချဉ်
နေရာတိုင်းမှာ တွင်ကျယ်လွန်းတယ်။
အရောင် အဆင်း
အနံ့အရသာ ကင်းတဲ့ရေကို
ရေကောင်းရေသန့်ဆိုရင်တော့
အဲဒီလိုလူတန်းစားများ
ခေတ်စားနေဦးမှာ သေချာတယ်။

မောင်သင်းဝေ

mgyoe.com

mgyoe.com


# တအုပ်၊ တိပ်ခွေနှင့် အညာဖုန်တောထဲက လှပတဲ့မုံရွှေး

မယုံလျှင် ကြွယင် မေးပါတော့
အလုံတခွင်မှာ ဂုဏ်အင်ကလဲ မသေးပါဘူး
မုံရွှေးကြေးမုံ ချောင်းဦးနယ်တလွှားဆီက
(သခင်ကိုယ်တော်မှိုင်း)

ဒါ
မုံရွှေးပဲ
လေးစားစရာ
မြတ်နိုးတွယ်တာစရာ
အညာ စရိုက်
မြန်မာစရိုက်
နှစ်ခြိုက်ဖွယ် စုဝေး
နွေးထွေးလှပေရဲ့
တပေါင်းရဲ့တပ်သား
ဖုန်ထုများ အားကောင်း
ပွဲလမ်းကြောင်းတလျှောက်
အောက်ဆီဂျင် မဝတဝ
အသက်ရှူကျပ်လှပေါ့။

mgyoe.com

mgyoe.com


မုံရွေး ကတ်ကြေး
လှီးဖြတ်လို့ကောင်းပါစ။
ကြေးထည် ဝါဂွမ်း
ပဲ နှမ်း ဆန် ပြောင်း
လုပ်ငန်းပေါင်းစုံ
ကုံလုံ ကြွယ်ဝ
မုံရွေးဟာ လှပဆဲ။
မုန့်ဆီကြော်
မုန့်သြဇာ၊ အညာမုန့်များ
စားကောင်းဝါးကောင်း
သွားညှောင်းပေ့ါ။
ရေနံဆီ တလက်လက်နဲ့
မုံရွေးရဲ့ ညဈေးဟာ
ကမ္ဘာလေးတစ်ခု ပြုစုဖန်ဆင်းနေ။
လက်ဖက်ရည်ဆိုင်မှာ
ပလာတာတစ်ရုက်စီးကရက်တစ်လိပ်နဲ့
ဂျေ-မောင်မောင်ရဲ့ သီချင်းတွေ
၃၃ လမ်းလို ဖြာဝေဆဲ။

mgyoe.com

mgyoe.com


တိပ်ခွေဆိုင်များ
စာအုပ်ဆိုင်များ။ ဆေးပေးခန်းများ
တီဗွီများ
ကြိုးစားမှုများ။ ရိုးသားမှုများ
မုံရွေးဟာ
တောလား၊ မြို့လား
ဝေဝါးစရာပါပဲကွယ်။
မောင်ဆေးရိုးရေ
မိုးကောင်းချောင်းဖြစ်
နောက်တစ်နှစ်မှာ
ဆက်ဆက်လာခဲ့ပါဦးမယ်။ ။

မောင်သင်းဝေ
၁၇-၃-၈၄။

mgyoe.com

mgyoe.com


## နိဂုံး ဂုံးခွံ

သင်ခန်းစာက
အဆုပ်လိုက် အခိုင်လိုက်။

နောက်တစ်ရက်ရောက်ဖို့
နောက်တစ်ရှက်ကို ကြာပန်းလိုစောင့်ရ
ရှက်ဆုတ် ပြက္ခဒိန်။

ငယ်စဉ်ကလို
တွေ့မြင်ကြားသမျှ
အဆန်းတကြယ်မရှိတော့
ငါ့မှာ။

ပင့်ကူမျှင်တွေက မရှုပ်
သပွတ်အူတွေက မရှုပ်
အားလုံး ရှင်းရှင်းလင်းလင်း
ပထမဆုံးအနှိပ်ဖတ်မမြင်နိုင်တော့
အစကို လိုက်ရှာ။

mgyoe.com

mgyoe.com


လက်သည်းခွံနဲ့ ခြေသည်းခွံကြား
မပျော်လည်းဟန်ဆောင်
ပျော်လည်းဟန်ဆောင်
စွဲမက်စရာမရှိတော့
လက်ကျန်နေ့တွေ။

မြင်းခုန်တာလှတယ်
ခွေးခုန်တာမလှဘူး
ငယ်စဉ် နားရည်ဝခဲ့သောစကား။

လျှောက်တွေးနေတာပဲ
လျှောက်ရေးနေတာပဲ
ဒုံးပျံ ပျံသွားသလို
မီးခိုးတန်းများ အလျင်စလို။

သမင်လည်း သမင်အလျောက်
ဒရယ်လည်း ဒရယ်အလျောက်
ကျရာအခန်းမှ ဖြတ်လျှောက်ခဲ့ပြီးပါပြီ
ကဗျာကို အစကပြန်ဖတ်ကြည့်ဖို့
လိုမလား။

ခင်ဇော်မြင့်
၁၇-၆-၂၀၁၈။

ရွေး အနုပညာမဂ္ဂဇင်း။

mgyoe.com

mgyoe.com


## ဒီကမ္ဘာနဲ့ ဇီဇဝါ

ဒီကမ္ဘာမှာ မနေလို့
ဘယ်ကမ္ဘာမှာ သွားနေရမှာလဲ။

ဒီအသက်အရွယ် ရောက်ခဲ့
ဒီဆံပင် ဖြူခဲ့
ဒီမျက်ရည် ပူခဲ့
ဒီကျိုးမည်းပြီး နောက်ထပ်ကျိုးမည်းများ

ဒီကမ္ဘာမှာ ဇီဇဝါပင်တွေ ရှိတယ်
ဇီဇဝါပင်တွေက ကြွေလည်းမသေတဲ့ကဗျာကို ရေးကြတယ်။ ။

ခင်တော်မြင့်

mgyoe.com

mgyoe.com


# ကျူး

ကြာရွက်ကလေးတွေ လှုပ်တုပ် လှုပ်တုပ်နဲ့
ရင်ထဲကို ကုက္ကိုရိပ်တွေ ရောက်မလာတော့တာက လွဲပြီး
တစ်ချိန်ကလိုပဲ
မြို့ရဲ့ ဗန်းစကားက
ပိန်းကြာရွက်ပေါ် ရေမတင်ဘူးဆိုတယ်။

ပျံလွှားတို့ လောကအပေါ် ရှုပ်တိုက် ပျံလွှားကြ
ရေကြက်တို့လောကထဲ ထဲထဲဝင်ဝင် လေ့လာကြ
တစ်ခေတ်က စစ်မက်ရေးရာတွေကို ပြည်ဖုံးကားချ
ပြည်ဖုံးကားကိုလည်း ရွှေပိန်းချ
ဟသ်ပဒါး နီနီရဲရဲ
တစ်ချိန်ကလိုပဲ
ပစွင်နဲ့ ရင်တားနဲ့ မြို့ရိုးနဲ့
ရန့်အသစ်ကြီး ။ ။

ခင်ဇော်မြင့်

mgyoe.com

mgyoe.com


# အွတ်မျှ့ရူးနှစ်

မသိရင် သစ်ကြားသီး ခွဲရသလို ခက်ပေမယ့်
ငြီရင် သစ်ကြားသီးဆံလိုစိမ့် အရသာ
ရန်ကုန်ကို ရေမရောဘဲ မော့သောက်ဖူးတယ်။

မြန်မြန်ပြန်ချင်ပြီ။
ပလက်ဖောင်းပေါ် ပခုံးချင်းတိုက်
ပိတ်ရပ်နေတဲ့ ရေခဲမုန့်လှည်းကိုလည်း
စိတ်ဆိုးမိတာ ရှိခဲ့မယ်။

စန္ဒရားခလုတ် အဖြူနဲ့အနက်ကြားကလို
ခေတ်ဟာ သံကြောင်
ပေါက်ကွဲရင်လည်း ဖောက်ခွဲ
ပေါက်ပြကုန်တော့ရော ဘာအရေးလဲကွာ။

ရုပ်ဆိုးတဲ့ကောင်တွေက
ငါ့နာမည်ကို ခေါ်ရင် ငါက မကြိုက်ပြန်ဘူး
ငါက လိပ်စာရှိတယ်ကွ
မာနက မိုးအထိတက်ဖူးတယ်။

mgyoe.com

mgyoe.com


လွတ်လပ်ရေးကျောက်တိုင်အောက် တစ်နေ့လည်သား
ဘဝတွေကို ပြဒါးတိုင်ထောင်မိမှ
မိုးသားစီး စိတ်ဒရုန်းတွေ ထပျံ
အမုန်းဟာ
တစ်လုံးချင်း မူလီတွေ ပြုတ်ထွက်နေတယ်။

တကယ်တော့
တစ်ပြားမှမတန်လည်း ဝမ်းမနည်းဖို့
ရင်ပြင်တော် အောင်မြေမှာ ဝပ်ချ
သတိရခြင်းခေါင်ရန်းပန်းများကို ပိုက်လို့
နှစ်ပြားတန်ဆောင်းပေါက်မှာ အချစ်ငတ်ဖူးတယ်။

ဧ မရှိရင် တက်မလာနဲ့
ခွေးဟောင်ရင် ပြန်မဟောင်တာ အကောင်းဆုံး
လက်ဖျံမှာ အရုပ်တွေနဲ့ ပျော်ခဲ့ကြရ။

ကားတွေထဲ အိုမင်းနေကြရတော့
ဆင်းလာတဲ့ အကြည့်တွေ သူစိမ်းတစ်ရုံဆံ
ဘယ်တုန်းကမှ ဆား ပါမလာတော့ဘူး။

လေပူထဲ တကျွီကျွီ
ဥသြနဲ့ ကျီးသံများ စပ်ဖျဉ်းဖျဉ်း
မီးလုံးတွေ ဖောင်းခနဲ ပွင့်ထွက်နေတယ်။

ငါနဲ့ငါတောင် အဆင်မပြေနိုင်တာ
ဘာနဲ့ဘာကမှ စရွေးကိုက်မယ်မဟုတ်ချေဘူး။
မီးခြစ်ကို ကျောက် လဲမိတယ်။

mgyoe.com

 mgyoe.com



ငါ့မှာ
ငါ့သူငယ်ချင်းတို့ရဲ့ ရန်ကုန်မြစ်ကြီးဆိုတော့
သစ်အောင် လုပ်မပေးနိုင်သေးရင်တောင်
ညစ်ထေးအောင် လုပ်မပစ်ရက်ပြန်ဘူး။

မင်းတို့ပြောလိုက်တော့
မီးမစိုက်ရသေးတဲ့ ထင်းချောင်းကနေ သစ်ရွက်ထွက်လာတယ်
မင်းတို့ ကျီစယ်လိုက်တော့
ပျောက်ဆုံးနေတဲ့ ရွှေကြောကြီး ထပေါ်လာတယ်။

ပင်လယ်နီး ရင်သားမို့ ပိုလှသတဲ့
မြို့ရဲ့နို့အုံဟာ အမြဲ တင်းလို့
ငါ့တို့မှာ မေတ္တာပါရင်
နို့ရည်စီးကျနေတာကို ငါတို့ မြင်ရမှာပဲ။

ပြန်တွေးရင်
ပြန်နွေးလာမယ်။

ကျုံးရေနဲ့ စိုက်တဲ့ တမာပွင့်လေးတွေ
အမြန်လမ်းကနေ ပို့ပေးလိုက်ပါတယ်။

**စံညိမ်းဦး**

**၁၂-၃-၁၉၊**

mgyoe.com

mgyoe.com

# မယုံကြည်တဲ့ ကမ္ဘာ

ထွက်ပြေးမရ
ပုန်းနေလို့ မရ
ထန်းလက်နဲ့ ကာလို့မရ
မိုးပေါ်ခြေနှစ်ချောင်း ထောင်ထားလို့ မရ၊
ရှင်သလိုလိုနဲ့
ငါတို့ ရင်ဆိုင်ရုံ။
ရောမကြိုတ်ချင်
ရောမသိပ်ချင်။
အလွဲခေတ်ကြီး
တံလျှပ်ခေတ်ကြီး။
ဘယ်သူဟာ အရူးလဲ
ဘယ်သူဟာ မရူးလဲ
ငါတို့၏
အလေးချိန်နှင့် သွေးအမျိုးအစား
သေချာသော ပေါင်ချိန်စက်နှင့် ဓာတ်ခွဲခန်းများ
ငါတို့ကြားမှာ လိုအပ်ခဲ့ပြီ။

**စံညိမ်းဦး**

ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း။

mgyoe.com

com


# ကားလ်ဟာ့က်ဝ် ကို မတ်ခြင်း

အရင်းဆိုလို့
အရင်းကျမ်းသာ ပိုင်ဆိုင်ခဲ့။

အစွန်းထွက်တန်ဖိုး သီအိုရီဟာ
သွေးစုပ်လည်မျိုတွေကို သွားစွပ်တဲ့ ကြိုးကွင်း။

ထလော့ အငတ်ဘေးကျရောက်သူအပေါင်း ထလော့
လက်ချောင်းများဆုပ်တော့ လက်သီး
လူတန်းစားတိုက်ပွဲ ခရီးဟာ ကြမ်းရှလွန်းခဲ့တယ်။

ယန္တရား အပုပ်ကိုဖြို
ယန္တရား အသစ်ကိုတည်ဆောက်
ဘုံအနှစ်ကို နှိုးဆွ
ကမ္ဘာ့အလုပ်သမားများ သွေးစည်းကြတဲ့။

အိုးထိန်းစက်ထက် သွက်သွက်ခါလို့
မနေရှင်လောကရဲ့ ထာဝရရန်သူတော်(၁)
ဖိနှိပ်သူအဆက်ဆက် သွေးပျက်ရဆဲ တစ္ဆေ။

mgyoe.com